# ဓမ္မခန္ဓာ (၅၇) သံထည်ဝတ္ထု (အလ် ဟဒီးဒ်)

ဥဒဏ်စဥ်ကိန်းဝပ်ပေးမှု အမှတ်စဥ် (၉၄)၊ သုတ်ဒေသနာ (၂၉)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللّهِ الرَّحْمَـنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **سَبَّحَ لِلَّهِ مَا فِي السَّمَاوَاتِ وَالْأَرْضِ وَهُوَ الْعَزِيزُ الْحَكِيمُ** ۞<br>မိုးများနှင့် မြေကမ္ဘာတွင် ရှိသမျှတို့သည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာအား ဦးထိပ်ထားနေရ၏၊ အရှင်သည်ကား ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။ |
| ၂။ | **لَهُ مُلْكُ السَّمَاوَاتِ وَالْأَرْضِ يُحْيِي وَيُمِيتُ وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ** ۞<br>မိုးများနှင့် မြေကမ္ဘာရှိ အခွင့်အာဏာနှင့် နိစ္စ အနိစ္စတို့သည် အရှင်၏ အချုပ်အခြာ၌ ရှိ၏။ အရှင်သည် ခပ်သိမ်းကုန်အား စည်းချိန်ချမှတ်တော်မူ၏။ |
| ၃။ | **هُوَ الْأَوَّلُ وَالْآخِرُ وَالظَّاهِرُ وَالْبَاطِنُ وَهُوَ بِكُلِّ شَيْءٍ عَلِيمٌ** ۞<br>အရှင်သည် ပထမနှင့် အန္တိမ၊ အစ္ဈတ္တနှင့် ဗဟိဒ္ဓဖြစ်တော်မူ၏။ အရှင်သည် ခပ်သိမ်းကုန်အား သိနေတော်မူ၏။ |
| ၄။<br>☆၂း၂၉<br>★၁၁း၃<br>၁၃း၂ | **هُوَ الَّذِي خَلَقَ السَّمَاوَاتِ وَالْأَرْضَ فِي سِتَّةِ أَيَّامٍ ثُمَّ اسْتَوَى عَلَى الْعَرْشِ يَعْلَمُ مَا يَلِجُ فِي الْأَرْضِ وَمَا يَخْرُجُ مِنْهَا وَمَا يَنزِلُ مِنَ السَّمَاء وَمَا يَعْرُجُ فِيهَا وَهُوَ مَعَكُمْ أَيْنَ مَا كُنتُمْ وَاللَّهُ بِمَا تَعْمَلُونَ بَصِيرٌ** ۞<br>အရှင်သည် မိုးများနှင့် မြေကမ္ဘာအား ကာလခြောက်ခုတွင်း ဖြစ်တည်စေတော်မူ၏။ တဖန်☆ ထပ်ဆင့်ကွပ်ကဲမှုကို ပုံပေါ်စေ၍၊★ မြေကမ္ဘာသို့ တိုးဝင်သွားရာ ထိုမှထွက်သွားရာ၊ ကောင်းကင်မှ သက်သောအရာ ထို့သို့ တက်သော အရာများကို သိနေတော်မူ၏။ အရှင်သည် မည်သည့်နေရာ၌ မဆို သင်တို့နှင့်အတူ ရှိနေတော်မူ၏။ ပရမတ်ဘုရားရှင်သည် ကျင့်ကြံလေသမျှကို မြင်သိနေတော်မူ၏။ |
| ၅။ | **لَهُ مُلْكُ السَّمَاوَاتِ وَالْأَرْضِ وَإِلَى اللَّهِ تُرْجَعُ الأمُورُ** ۞<br>မိုးများနှင့် မြေကမ္ဘာရှိ အခွင့်အာဏာနှင့် နိစ္စ အနိစ္စတို့သည် အရှင်၏ အချုပ်အခြာ၌ ရှိ၏။ အရေးအရာတိုင်းသည် ပရမတ်ဘုရားရှင်၏ထံသို့သာ ဦးလှည့်ပြန်ရမည်သာတည်း။ |
| ၆။ | **يُولِجُ اللَّيْلَ فِي النَّهَارِ وَيُولِجُ النَّهَارَ فِي اللَّيْلِ وَهُوَ عَلِيمٌ بِذَاتِ الصُّدُورِ** ۞<br>အရှင်သည် ညကို နေ့ထဲသို့ တိုးဝင်စေ၍၊ နေ့ကို ညထဲသို့ တိုးဝင်စေ၏။ အရှင်သည်ကား ရင်တွင်းခံစားချက်များကို သိနေတော်မူ၏။ |
| ၇။ | **آمِنُوا بِاللَّهِ وَرَسُولِهِ وَأَنفِقُوا مِمَّا جَعَلَكُم مُّسْتَخْلَفِينَ فِيهِ فَالَّذِينَ آمَنُوا مِنكُمْ وَأَنفَقُوا لَهُمْ أَجْرٌ كَبِيرٌ** ۞<br>ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဥဒဏ်စဥ်တော်ဆောင်အား ယုံကြည်ကြလော့၊ သင်တို့အား ကိုယ်စားလှယ် စီမံပေးထားရာတို့မှ လှူဒါန်းသုံးစွဲကြလော့။ သင်တို့အနက် ယုံကြည်၍ လှူဒါန်းသုံးစွဲသော သူအတွက် ကြီးမားသော အကျိုးဆုလဒ်သည် ရှိ၏။ |

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| ၈။ | وَمَا لَكُمْ لَا تُؤْمِنُونَ بِاللَّهِ وَالرَّسُولُ يَدْعُوكُمْ لِتُؤْمِنُوا بِرَبِّكُمْ وَقَدْ أَخَذَ مِيثَاقَكُمْ إِن كُنتُم مُّؤْمِنِينَ۞<br>ပရမတ်ဘုရားရှင်အား မယုံကြည်နိုင်လောက်အောင် သင်တို့အား အဘယ်အရာက ဖြစ်စေသနည်း၊ ဥဗဏ်စဉ်တော်ဆောင်သည် ကံကြမ္မာရှင်အား ယုံကြည်ရန် သင်တို့အား ဖိတ်ခေါ်လျှက် ရှိ၏။ သင်တို့သည် ယုံကြည်သူများ ဖြစ်ကြလျှင် သင်တို့၏ ပဋိဉာဉ်ကို အရှင်က အတည်ယူတော်မူ၏။ |
| ၉။ | هُوَ الَّذِي يُنَزِّلُ عَلَىٰ عَبْدِهِ آيَاتٍ بَيِّنَاتٍ لِّيُخْرِجَكُم مِّنَ الظُّلُمَاتِ إِلَى النُّورِ وَإِنَّ اللَّهَ بِكُمْ لَرَءُوفٌ رَّحِيمٌ۞<br>သင်တို့အား အမိုက်မှောင်မှ အလင်းရောင်ဆီသို့ ထုတ်ယူဘို့ရာ အရှင်သည် အရှင်၏ အမှုတော်ဆောင်ထံသို့ ရှင်းလင်းသော သုတ်ဒေသနာများကို ချမှတ်ပေးသော အရှင် ဖြစ်တော်မူ၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် သင်တို့အား သက်ညှာသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၁၀။ | وَمَا لَكُمْ أَلَّا تُنفِقُوا فِي سَبِيلِ اللَّهِ وَلِلَّهِ مِيرَاثُ السَّمَاوَاتِ وَالْأَرْضِ لَا يَسْتَوِي مِنكُم مَّنْ أَنفَقَ مِن قَبْلِ الْفَتْحِ وَقَاتَلَ أُولَٰئِكَ أَعْظَمُ دَرَجَةً مِّنَ الَّذِينَ أَنفَقُوا مِن بَعْدُ وَقَاتَلُوا وَكُلًّا وَعَدَ اللَّهُ الْحُسْنَىٰ وَاللَّهُ بِمَا تَعْمَلُونَ خَبِيرٌ۞<br>ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ မသုံးစွဲကြရန် သင်တို့အား အဘယ်အရာက ဖြစ်စေသနည်း၊ မိုးများနှင့် မြေကမ္ဘာရှိ အမွေအားလုံးသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ သင်တို့အနက် အောင်ပွဲမရမီ လှူဒါန်းသုံးစွဲ တော်လှန်ဆင်နွှဲသူသည် အဆင့်မတူ၊ အချိန်လွန်မှ လှူဒါန်းသုံးစွဲ၊ တော်လှန်ရေးဝင်သော သူတို့ထက် အခွင့်အလမ်းပို၏။ ပရမတ်ဘုရားရှင်သည်ကား အားလုံးအတွက် အကောင်းကို ကတိတော်ထား၏။ ပရမတ်ဘုရားရှင်သည် ကျင့်ကြံလေသမျှကို သတင်းသိနေတော်မူ၏။ |
| ၁၁။ | مَن ذَا الَّذِي يُقْرِضُ اللَّهَ قَرْضًا حَسَنًا فَيُضَاعِفَهُ لَهُ وَلَهُ أَجْرٌ كَرِيمٌ۞<br>ပရမတ်ဘုရားရှင်အား ကောင်းမွန်သော ဆက်ကပ်ခြင်းဖြင့် ဆက်ကပ်သောသူသည် အရှင့်ထံမှ ထိုဆတိုးကို ပြန်ရလတ္တံ့။ သူ့အတွက် ကျက်သရေရှိသော အကျိုးဆုလဒ်သည် ရှိနေ၏။[၁၀၁၅] |
| ၁၂။ | يَوْمَ تَرَى الْمُؤْمِنِينَ وَالْمُؤْمِنَاتِ يَسْعَىٰ نُورُهُم بَيْنَ أَيْدِيهِمْ وَبِأَيْمَانِهِم بُشْرَاكُمُ الْيَوْمَ جَنَّاتٌ تَجْرِي مِن تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا ذَٰلِكَ هُوَ الْفَوْزُ الْعَظِيمُ۞<br>ယုံကြည်သူ ယုံကြည်သောသူမတို့၏ မျက်မှောက်မှ၊ သူတို့၏ လက်ျာဘက်များမှ အလင်းရောင် တောက်ပသည်ကို သင် မြင်ရသော နေ့ကာလ၌– ထိုနေ့ကာလ၌ သင်တို့အတွက် သတင်းကောင်း ရှိလတ္တံ့။ အောက်ခင်း၌ စိမ့်စမ်းရေသွင် စီးဆင်းလျှက်ရှိသော ဥယျာဉ်များ၊ ထို၌ ကာလမဲ့ စံစားရလတ္တံ့။ ဤသည် ကြီးမားသော ဆွတ်ခူးမှုပင် ဖြစ်၏။ |
| ၁၃။ | يَوْمَ يَقُولُ الْمُنَافِقُونَ وَالْمُنَافِقَاتُ لِلَّذِينَ آمَنُوا انظُرُونَا نَقْتَبِسْ مِن نُّورِكُمْ قِيلَ ارْجِعُوا وَرَاءَكُمْ فَالْتَمِسُوا نُورًا فَضُرِبَ بَيْنَهُم بِسُورٍ لَّهُ بَابٌ بَاطِنُهُ فِيهِ الرَّحْمَةُ وَظَاهِرُهُ مِن قِبَلِهِ الْعَذَابُ۞<br>ထိုနေ့ကာလ၌ သီလကြောင်၊ သီလကြောင်မတို့က ယုံကြည်သော သူတို့အား "ကျွန်ုပ်တို့အား ကြည့်ရှုပါ၊ သင်တို့၏ အလင်းရောင်ကို မျှဝေပေးပါ၊"ဟု ဆိုကြသော် "ပြန်လှည့်ကြ၍ အလင်းရောင်ကို ရှာဖွေကြလော့၊"ဟု ဆို၏၊ သူတို့၏ကြား၌ တံခါးပေါက်ရှိသော တံတိုင်းကြီးဖြင့် ကာဆီးလိုက်၏။ ၎င်း၏ အတွင်း၌ ကရုဏာရှိနေ၏။ ထိုမတိုင်မီ အပြင်၌ ဝဋ်ကြွေးဒဏ်သည် ရှိနေ၏။ |

(၁၀၁၅) ဤသုတ်တော်မှ ပြောသော ဆက်ကပ်ခြင်းဆိုသည်မှာ–ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ လောကခပ်သိမ်း ငြိမ်းချမ်းမှု နိယာမအား အကောင်းအထည်ဖေါ်သော အခါတွင် စိတ်စေတနာအလျောက် လှူဒါန်းထည့်ဝင်သော ငွေကြေးဥစ္စာများကို ဆိုလိုပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| ၁၄။ | يُنَادُونَهُمْ أَلَمْ نَكُن مَّعَكُمْ قَالُوا بَلَى وَلَكِنَّكُمْ فَتَنتُمْ أَنفُسَكُمْ وَتَرَبَّصْتُمْ وَارْتَبْتُمْ وَغَرَّتْكُمُ الْأَمَانِيُّ حَتَّى جَاء أَمْرُ اللَّهِ وَغَرَّكُم بِاللَّهِ الْغَرُورُ ۞<br>၎င်းတို့က သူတို့အား "ကျွန်ုပ်တို့သည် သင်တို့နှင့်အတူ ဖြစ်ခဲ့သည် မဟုတ်လော၊"ဟု ဟစ်အော်ကြသော်–ပြန်ပြောမည်မှာ "အမှန်ပင်၊ သို့သော် သင်တို့သည် သင်တို့၏ စရိုက်များကို စော်ကားခဲ့၏၊ အလျှင်လိုခဲ့၏၊ သံသယ ဖြစ်ခဲ့၏၊ ပရမတ်ဘုရားရှင်၏ အစီအမံ ဆိုက်ရောက်လာသည့်တိုင် သင်တို့၏ မိစ္ဆာဆန္ဒများက သင်တို့ကို လှည့်စားခဲ့၏။ သင်တို့၏ မိစ္ဆာရမက်က ပရမတ်ဘုရားရှင်နှင့် စပ်လျှဉ်း၍ မိစ္ဆာဆန္ဒတိုးစေ၏။– |
| ၁၅။ | فَالْيَوْمَ لَا يُؤْخَذُ مِنكُمْ فِدْيَةٌ وَلَا مِنَ الَّذِينَ كَفَرُوا مَأْوَاكُمُ النَّارُ هِيَ مَوْلَاكُمْ وَبِئْسَ الْمَصِيرُ ۞<br>သို့ဖြစ်၍–ယနေ့ကာလတွင် သင်တို့ထံမှ– ဖုံးကွယ်သော သူများထံမှ လျော်ကြေးကို လက်ခံမယူချေ။ သင်တို့အတွက် နေရာဌာနမှာ အပူမီးဖြစ်၏၊ ယင်းသည် သူတို့အား ကွပ်ကဲသော အရာ၊ အကုသိုလ် ပန်းတိုင်ပင် ဖြစ်၏။ |
| ၁၆။ | أَلَمْ يَأْنِ لِلَّذِينَ آمَنُوا أَن تَخْشَعَ قُلُوبُهُمْ لِذِكْرِ اللَّهِ وَمَا نَزَلَ مِنَ الْحَقِّ وَلَا يَكُونُوا كَالَّذِينَ أُوتُوا الْكِتَابَ مِن قَبْلُ فَطَالَ عَلَيْهِمُ الْأَمَدُ فَقَسَتْ قُلُوبُهُمْ وَكَثِيرٌ مِّنْهُمْ فَاسِقُونَ ۞<br>ဤသည် ယုံကြည်သောသူတို့အတွက် ပရမတ်ဘုရားရှင်၏ သတိပေးတရားတော်နှင့် ပရမတ္ထသစ္စာမှ ချမှတ်ပေးရာတို့၌ နှလုံးသားကို နှိမ့်ချရိုကျိုးရန် အချိန် မဟုတ်သလော၊ သူတို့သည် ရှေးယခင်က ကျမ်းတော် ပေးခြင်းခံရသော သူများကဲ့သို့ မဖြစ်ထိုက်ချေ။ အချိန်ကာလ ရှည်ကြာရွေ့လျောလာသည်နှင့် ၎င်းတို့၏ နှလုံးသားသည် ခက်ထန်မာကြောလာခဲ့၏၊ သူတို့မှ အများစုကြီးသည် ယုတ်မာသူများ ဖြစ်ကြ၏။ |
| ၁၇။ | اعْلَمُوا أَنَّ اللَّهَ يُحْيِي الْأَرْضَ بَعْدَ مَوْتِهَا قَدْ بَيَّنَّا لَكُمُ الْآيَاتِ لَعَلَّكُمْ تَعْقِلُونَ ۞<br>ကေန်ပင် ပရမတ်ဘုရားရှင်သည် မြေကမ္ဘာအား သေနေစေပြီးနောက် အသက်ရှင်စေခဲ့သည်ကို သိမှတ်ကြကုန်လော့၊ သင်တို့သည် အတွေးအခေါ်ရှိအံ့သောငှာ ငါအရှင်သည် နိမိတ်လက္ခဏာရပ်များကို သင်တို့အတွက် ရှင်းလင်းစေခဲ့၏။ |
| ၁၈။ | إِنَّ الْمُصَّدِّقِينَ وَالْمُصَّدِّقَاتِ وَأَقْرَضُوا اللَّهَ قَرْضًا حَسَنًا يُضَاعَفُ لَهُمْ وَلَهُمْ أَجْرٌ كَرِيمٌ ۞<br>ကေန်ပင် ကောင်းသော ဆက်ကပ်ခြင်းဖြင့် အလှူရှင် အလှူရှင်မတို့၏ ပရမတ်ဘုရားရှင်အား ဆက်ကပ်မှုသည် သူတို့အတွက် ဆတိုးဖြစ်စေ၏။ သူတို့အတွက် ကျက်သရေရှိသော အကျိုးဆုလာဒ်သည် ရှိနေ၏။ |
| ၁၉။<br><br>အာဇာနည်များ | وَالَّذِينَ آمَنُوا بِاللَّهِ وَرُسُلِهِ أُوْلَئِكَ هُمُ الصِّدِّيقُونَ وَالشُّهَدَاء عِندَ رَبِّهِمْ لَهُمْ أَجْرُهُمْ وَنُورُهُمْ وَالَّذِينَ كَفَرُوا وَكَذَّبُوا بِآيَاتِنَا أُوْلَئِكَ أَصْحَابُ الْجَحِيمِ ۞<br>ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဥာဏ်စဉ်တော်ဆောင်အား ယုံကြည်သောသူ– ထိုသူတို့သည် ကံကြမ္မာရှင်၏ ထံပါး၌ ဖြောင့်မှန်သူများ၊ **သက်သေတည်သူများ** ဖြစ်ကြ၏။ သူတို့အတွက် သူတို့၏ ဆုလာဒ် သူတို့၏ အလင်းရောင်သည် ရှိနေ၏။ ဖုံးကွယ်သောသူများ ငါအရှင်၏ သုတ်ဒေသနာများကို ငြင်းဆန်သူများ ထိုသူတို့သည်ကား ငရဲဘုံ၏ အဖော်များ ဖြစ်ကြ၏။ |
| ၂၀။ | اعْلَمُوا أَنَّمَا الْحَيَاةُ الدُّنْيَا لَعِبٌ وَلَهْوٌ وَزِينَةٌ وَتَفَاخُرٌ بَيْنَكُمْ وَتَكَاثُرٌ فِي الْأَمْوَالِ وَالْأَوْلَادِ كَمَثَلِ غَيْثٍ أَعْجَبَ الْكُفَّارَ نَبَاتُهُ ثُمَّ يَهِيجُ فَتَرَاهُ مُصْفَرًّا ثُمَّ يَكُونُ حُطَامًا وَفِي الْآخِرَةِ عَذَابٌ شَدِيدٌ وَمَغْفِرَةٌ مِّنَ |

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| | **اللَّهِ وَرِضْوَانٌ وَمَا الْحَيَاةُ الدُّنْيَا إِلَّا مَتَاعُ الْغُرُورِ۞**<br>သိမှတ်ကြလော့၊ လောကီ သက်တမ်းသည် ကစား ခုန်စား ပျော်ပါးခြင်းမျှသာ ဖြစ်၏၊ သင်တို့ချင်းကြား ကြွားဝါလျက် ဥစ္စာ သားသမီး ပြိုင်ဆိုင်နေခြင်းမျှသာ ဖြစ်၏၊ ဖုံးကွယ်သူတို့[၁၀၁၆] ဝမ်းမြောက်စေရန် သစ်ပင်ပန်းမာလ်ပေါက်စေသော မိုး သား ကဲ့သို့ ဖြစ်၏။ ထို့နောက် ယင်းသည် သိမ်ဖျင်းလာလျက် ရော်ရွက်ဝါလာသည်ကို သင်မြင်ရ၏၊ ထို့နောက် ၎င်း သည် ဖွဲ့ခံ့များ ဖြစ်လာခဲ့၏။ နောင်ဘဝတွင်မူ ပြတ်သားသော ဝဋ်ကြွေး– ပရမတ်ဘုရားရှင်၏ လွတ်ငြိမ်းခွင့်နှင့် ကြေနပ် နှစ်သက်ခြင်းတို့သည် ရှိနေ၏။ ဤလောကီဘဝသည်ကား ပလွှားရာ မာယာမျှသာ ဖြစ်၏။ |
| ၂၁။ | **سَابِقُوا إِلَى مَغْفِرَةٍ مِّن رَّبِّكُمْ وَجَنَّةٍ عَرْضُهَا كَعَرْضِ السَّمَاءِ وَالْأَرْضِ أُعِدَّتْ لِلَّذِينَ آمَنُوا بِاللَّهِ وَرُسُلِهِ ذَلِكَ فَضْلُ اللَّهِ يُؤْتِيهِ مَن يَشَاءُ وَاللَّهُ ذُو الْفَضْلِ الْعَظِيمِ۞**<br>ကံကြမ္မာရှင်၏ လွတ်ငြိမ်းစေခြင်းနှင့် ကျယ်ဝန်းမှုမှာ မိုး– မြေ အမျှ ကျယ်ဝန်းသော ဥယျာဉ်ဘုံဆီသို့ ပြိုင်ဆိုင်ကြကုန် လော့။ ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဥဇ္ဇဏ်စဉ်တော်ဆောင်အား ယုံကြည်သော သူတို့အတွက် ပြင်ဆင်ထားခြင်း ဖြစ်၏။ ယင်းသည် စံချိန်ပြည့်မီသူအား ပရမတ်ဘုရားရှင်က သိက္ခာပေးခြင်း ဖြစ်၏။ ပရမတ်ဘုရားရှင်သည်ကား ကြီး မားသော သိက္ခာကို ပေးသည့်အရှင် ဖြစ်၏။ |
| ၂၂။ | **مَا أَصَابَ مِن مُّصِيبَةٍ فِي الْأَرْضِ وَلَا فِي أَنفُسِكُمْ إِلَّا فِي كِتَابٍ مِّن قَبْلِ أَن نَّبْرَأَهَا إِنَّ ذَلِكَ عَلَى اللَّهِ يَسِيرٌ۞**<br>မြေကမ္ဘာတွင်း၌သာမက သင်တို့၏ ဥဉ်စရိုက်များအတွင်း ရိုက်ခတ်စေသော ရိုက်ခတ်မှုများသည် ထိုအရာ ဖြစ်ပေါ် မလာမီကပင် ပြဋ္ဌာန်းမှုနိယာမထဲ၌ ရှိနေ၏။ ယင်းသည် ပရမတ်ဘုရားရှင်အတွက် လွယ်ကူလှချေ၏။ |
| ၂၃။ | **لِكَيْلَا تَأْسَوْا عَلَى مَا فَاتَكُمْ وَلَا تَفْرَحُوا بِمَا آتَاكُمْ وَاللَّهُ لَا يُحِبُّ كُلَّ مُخْتَالٍ فَخُورٍ۞**<br>ယင်းမှာ သင်တို့သည် လက်လွတ်ဆုံးရှုံးခြင်းအတွက် ပူဆွေးသောက မဖြစ်စေရန်၊ အရှင်က ချီးမြှင့်သော အရာ၌ ကြွား ဝါမြူးထူး မဖြစ်စေရန် ဖြစ်၏။ ပရမတ်ဘုရားရှင်သည် ဂုဏ်ဖော် ကြွားဝါသူအား နှစ်သက်တော်မမူချေ။ |
| ၂၄။ | **الَّذِينَ يَبْخَلُونَ وَيَأْمُرُونَ النَّاسَ بِالْبُخْلِ وَمَن يَتَوَلَّ فَإِنَّ اللَّهَ هُوَ الْغَنِيُّ الْحَمِيدُ۞**<br>ကပ်စီးနဲသော သူတို့သည် လူသားတို့အားလည်း ကပ်စီးနဲ့ရန် စီမံကြကုန်၏။ တစ်စုံတစ်ယောက်သည် ကျောခိုင်း လှည့်သွားသော်လည်း–ကေန်ပင် ပရမတ်ဘုရားရှင်သည် ကုံလုံပြည့်စုံတော်မူ၏၊ ရည်သည်စူးစိုက်မှုတည်ရာ ဖြစ်၏။ |
| ၂၅။ | **لَقَدْ أَرْسَلْنَا رُسُلَنَا بِالْبَيِّنَاتِ وَأَنزَلْنَا مَعَهُمُ الْكِتَابَ وَالْمِيزَانَ لِيَقُومَ النَّاسُ بِالْقِسْطِ وَأَنزَلْنَا الْحَدِيدَ فِيهِ بَأْسٌ شَدِيدٌ وَمَنَافِعُ لِلنَّاسِ وَلِيَعْلَمَ اللَّهُ مَن يَنصُرُهُ وَرُسُلَهُ بِالْغَيْبِ إِنَّ اللَّهَ قَوِيٌّ عَزِيزٌ۞**<br>မုချပင် ငါအရှင်သည် ငါ၏ ဥဇ္ဇဏ်စဉ်တော်ဆောင်များကို ရှင်းလင်းချက်များဖြင့် စေစားခဲ့၏။ သူတို့နှင့်အတူ ကျမ်းဂန် များ စံချိန်များကို လူသားတို့အတွက် သမာသမတ် ရပ်တည်အံ့ငှာ ရှိစေ၏။ ငါသည် သံဝတ္ထုကို ချမှတ်ပေး၍ ၎င်း၌ ပြတ်သားသော ဂုဏ်သတ္တိရှိစေပြီး လူသားတို့အတွက် အကျိုးရှိစေ၏။ မည်သူသည် ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဥဇ္ဇဏ်စဉ်တော်ဆောင်အား စက္ခုလွန်၌ ကူညီသည်ကို သိနိုင်အံ့ငှာ ဖြစ်စေ၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် အင်အားတော်အရှင် ဘုန်းတော်ရှင် ဖြစ်တော်မူ၏။ |
| ၂၆။ | **وَلَقَدْ أَرْسَلْنَا نُوحًا وَإِبْرَاهِيمَ وَجَعَلْنَا فِي ذُرِّيَّتِهِمَا النُّبُوَّةَ وَالْكِتَابَ فَمِنْهُم مُّهْتَدٍ وَكَثِيرٌ مِّنْهُمْ فَاسِقُونَ۞** |

---

**(၁၀၁၆)** ဤသုတ်တော်ပါ ဝေါဟာရ **အာလ်ကုဖ်ဖာရ** ကို ဆရာတော်ကြီး အများစုက လယ်ယာစိုက်ပျိုးသူများ ဟု ပြန်ဆိုကြပေသည်။ ထိုစကားလုံး မှာ **ဖုံးကွယ်သူ** ဟု အနက်ရသော **ကာဖရ်** ဟူသည့် စကားလုံးပင် ဖြစ်၍၊ လယ်သမားများ အနေဖြင့် သစ်စေ့၊ မျိုးစေ့ကို မြေ၌ ဖုံးဖိ စိုက်ပျိုးသော ကြောင့် ဆရာတော်ကြီးများ အနေဖြင့် “စိုက်ပျိုးသူ”ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။ ထိုသို့ ပြန်ဆိုခြင်း အတွက် မှားယွင်းမှု မရှိချေ။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| | ငါသည် နူးဟ်နှင့် အီဗရာဟီးမ်တို့အား မုချ စေစားခဲ့၍၊ သူတို့၏ သားမြေးအတွင်းမှ သတင်းတော်ဆောင်ဘွဲ့နှင့် ကျမ်းတော်ကို စီရင်ပေးတော်မူ၏။ သူတို့မှ လမ်းညွှန်ခံရသူတို့ ရှိ၍၊ သူတို့မှ အများစုသည် ယုတ်မာသူများ ဖြစ်ကြ၏။ |
| ၂၇။<br><br><br><br>☆၃း၃ | **ثُمَّ قَفَّيْنَا عَلَى آثَارِهِم بِرُسُلِنَا وَقَفَّيْنَا بِعِيسَى ابْنِ مَرْيَمَ وَآتَيْنَاهُ الْإِنجِيلَ وَجَعَلْنَا فِي قُلُوبِ الَّذِينَ اتَّبَعُوهُ رَأْفَةً وَرَحْمَةً وَرَهْبَانِيَّةً ابْتَدَعُوهَا مَا كَتَبْنَاهَا عَلَيْهِمْ إِلَّا ابْتِغَاء رِضْوَانِ اللَّهِ فَمَا رَعَوْهَا حَقَّ رِعَايَتِهَا فَآتَيْنَا الَّذِينَ آمَنُوا مِنْهُمْ أَجْرَهُمْ وَكَثِيرٌ مِّنْهُمْ فَاسِقُونَ۞**<br>တဖန် ငါ၏ ဉာဏ်စဉ်တော်ဆောင်များကို သူတို့၏ ခြေရာအတိုင်း ရွေးကောက်တော်မူ၏။ မာရိ၏သား ယေရှုကိုလည်း ရွေးကောက်တော်မူ၍ သူ့အား ဧဝံဂလိကို☆ ချီးမြှင့်တော်မူ၏။ သူအား လိုက်နာသော သူတို့၏ နှလုံးသား၌ စာနာ တတ်မှု ကရုဏာရှိမှုကို စီရင်ပေးတော်မူ၏။ ပုပ်ရဟန်းဝါဒသည်သည် သူတို့၏ ချဲ့ထွင်ခြင်း ဖြစ်၍၊ ပရမတ်ဘုရားရှင်၏ နှစ်သက်ကြေနပ်မှုအား လိုက်နာရန်မှအပ–၎င်းကို ငါ ပြဋ္ဌာန်းတော်မမူချေ။ သို့သော် သူတို့သည် ထိုဝန်တာကို မှန်ကန်စွာ စောင့်ထိန်းခြင်းမရှိချေ။ သူတို့အနက် ယုံကြည်သောသူတို့အား ငါသည် ဆုလဒ် ချီးမြှင့်တော်မူ၏။ သူတို့မှ အများစုသည်ကား ယုတ်မာသူများပင် ဖြစ်ကြ၏။ |
| ၂၈။ | **يَا أَيُّهَا الَّذِينَ آمَنُوا اتَّقُوا اللَّهَ وَآمِنُوا بِرَسُولِهِ يُؤْتِكُمْ كِفْلَيْنِ مِن رَّحْمَتِهِ وَيَجْعَل لَّكُمْ نُورًا تَمْشُونَ بِهِ وَيَغْفِرْ لَكُمْ وَاللَّهُ غَفُورٌ رَّحِيمٌ۞**<br>အို ယုံကြည်သော သူတို့၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ အရှင်၏ ဉာဏ်စဉ်တော်ဆောင်အား ယုံကြည်ကြလော့၊ အရှင်သည် သင်တို့အား ကရုဏာတော် နှစ်ဆပေးတော်မူလတ္တံ့။ သင်တို့အတွက် လျှောက်လှမ်းနိုင်ရန် အလင်းရောင်နှင့် လွှတ်ငြိမ်းခွင့်ကို စီရင်ပေးလတ္တံ့။ ပရမတ်ဘုရားရှင်သည်ကား လွှတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၂၉။ | **لِئَلَّا يَعْلَمَ أَهْلُ الْكِتَابِ أَلَّا يَقْدِرُونَ عَلَى شَيْءٍ مِّن فَضْلِ اللَّهِ وَأَنَّ الْفَضْلَ بِيَدِ اللَّهِ يُؤْتِيهِ مَن يَشَاء وَاللَّهُ ذُو الْفَضْلِ الْعَظِيمِ۞**<br>ယင်းမှာ ကျမ်းစာဝိုင်းသားတို့သည် ပရမတ်ဘုရားရှင်၏ သိက္ခာပေးမှုအား သူတို့သည် စိုးစဉ်းမျှ စည်းကြပ်နိုင်ခြင်း မရှိ၊ ကေန်ပင် ပရမတ်ဘုရားရှင်၏ သိက္ခာပေးမှုသည် အရှင်၏ လုပ်ဆောင်ခွင့်၌သာ ရှိ၍ အရှင်သည် စံချိန်ပြည့်မီသူအား ချီးမြှင့်ကြောင်းကို သိစေရန် အလို့ငှာ ဖြစ်၏။ ပရမတ်ဘုရားရှင်သည်ကား သိက္ခာပေးမှုကြီးကို ပိုင်စိုးသောအရှင် ဖြစ်၏။ |

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com